KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**ဓာတ်ပုံသတင်း**

မတ်လ ၄ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ်- 26-1-PS1

---

# ဓာတ်ပုံသတင်း - မြန်မာစစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်မှုကြောင့် ဒေသခံအသိုင်းအဝန်းများအပေါ် ထိခိုက်သေဆုံးမှုများ၊ ပျက်စီးမှုများနှင့်ထွက်ပြေးတိမ်းရှောင်ရမှုများရှိလာ (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ)

---

*ဤဓာတ်ပုံသတင်းသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ၊ မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံအသိုင်းအဝိုင်းများအပေါ် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည့် ဓာတ်ပုံအထောက်အထားများကို ဖော်ပြထားပါသည်။ KHRG သည် အစီရင်ခံစာတင်သည့်ကာလအတွင်း မြန်မာစစ်တပ်၏လေကြောင်းရမ်းသမ်းတိုက်ခိုက်မှုနှင့် ပစ်မှတ်ထားလေကြောင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်သည့်အကျိုးသက်ရောက်မှုများကို ဖော်ပြသသည့် ဓာတ်ပုံပေါင်း ၃၆၀၀ ကျော်ထက်မနည်းကို လက်ခံရရှိထားပါသည်။ ၂၀၂၁ ခုနှစ်၊ အာဏာသိမ်းပြီးနောက်ပိုင်း နှင့် ၂၀၂၅ ခုနှစ် တလျှောက်လုံးတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ၊ ပြည်သူလူထုပိုင် အဆောက်အဦးများ (စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် ဘုရားကျောင်းများအပါအဝင်) အများအပြား ပျက်စီးဆုံးရှုံးခဲ့ပြီး စိုက်ပျိုးပင်များနှင့် စပါးခင်းများအပြင် နေရပ်ထွက်ပြေးတိမ်းရှောင်ရမှု အများအပြားကိုဖြစ်ပေါ်စေခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်းတွင်၊ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် (၁၈) ဦး အပါအဝင် ရွာသား (၆၆) ဦးထက်မနည်းသေဆုံးခဲ့ပြီး ကလေးငယ် (၆၆) ဦး အပါအဝင် ရွာသား (၁၇၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ အဆိုပါတိုက်ခိုက်မှုများကြောင့်၊ အကျိုးဆက်အနေဖြင့် ရပ်ရွာလူထုအတွင်း အကြောက်တရားများ ကျယ်ပြန့်လာစေပြီး ရွာသားများ၏လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းရပ်များကိုလည်း ဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသားများ၏ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားမရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများရရှိရေးကိုလည်း သိသိသာသာ အနှောင့်အယှက်များဖြစ်စေခဲ့ပါသည်။ နောက်ထပ်တိုက်ခိုက်မှုများနှင့် ဆက်လက်ဖြစ်ပွားနိုင်သည့် အန္တရာယ်များကြောင့် ရွာသူ၊ရွာသားများသည် ၎င်းတို့၏လယ်ယာလုပ်ငန်းခွင်များအား ဆက်မလုပ်နိုင်တော့ဘဲ ခိုလှုံရန်တောအုပ်များထဲနှင့် ပုန်းရှောင်ရန်လိုင်ဂူများရှိရာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။*

---

## ခေတ်ပုံသတင်း- ၂၀၂၅ ခုနှစ်အတွင်း မြန်မာစစ်တပ်လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးဒဏ်ရာရမှု၊ အိုးအိမ်ပစ္စည်းများထိခိုက်ပျက်စီးမှု၊ နေရပ်စွန့်ခွာရမှုနှင့်မပေါက်ကွဲသော လက်နက်ဖုံးများ တည်ရှိနေမှု

*၂၀၂၁ ခုနှစ်မှစ၍ မြန်မာစစ်တပ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများကိုပို၍ပြု လုပ်လာသောကြောင့် အရပ်သားများသေဆုံး၊ ဒဏ်ရာရရှိမှု၊ အိုးအိမ်ပစ္စည်းများထိခိုက်ပျက်စီးမှုနှင့်နေရပ်စွန့်ခွာရမှုများ ပို၍များလာပါသည်။ KHRG လက်ခံရရှိသည့်သတင်းမှတ်တမ်းများအရ ၂၀၂၅ ခုနှစ်အတွင်း မြန်မာစစ်တပ်သည် အရပ် သားဒေသများမှာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာတွင် စက်သေနတ်များ၊ လက်နက်ကြီးများနှင့်မတူညီသော ဖုံးများ အစရှိသည့် လက်နက်အမျိုးမျိုးကိုအသုံးပြုခဲ့သည်။ မြန်မာစစ်တပ်သည် ဒေသတွင်း သတ်မှတ်ထားသောခရိုင် (၇)ခု စလုံးတွင် ဖုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုခရိုင်များမှာ ဒူးသထူ (သထုံ) ခရိုင်၊ တောအူး (တောင်ငူ) ခရိုင်၊ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ ဘိတ်ထားဝယ်ခရိုင်၊ မူတြော် (ဖာပွန်) ခရိုင်၊ ဒူးပလာယာခရိုင်နှင့်ဘားအံခရိုင်များဖြစ်ကြသည်။ မြန်မာစစ်တပ်သည် ကျေးရွာအနီးတစ်ဝိုက်တွင် တိုက်ပွဲဖြစ်ပွားသည်ဖြစ်စေ၊ မဖြစ်ပွားသည်ဖြစ်စေ လေကြောင်း တိုက်ခိုက်မှုကိုပြုလုပ်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာတွင်လည်း အရပ်သားပြည်သူများကို ကြိုတင် အသိ ပေးခြင်းမရှိသည့်အပြင် ကြိုတင်ကာကွယ်ပေးသည့်အစီအမံများကိုလည်း ဆောင်ရွက်ပေးခြင်းမရှိခဲ့ပေ။ များသော အားဖြင့် လေကြောင်းတိုက်ခိုက်မှုမပြုလုပ်မီတွင် ဒေသအတွင်း ဝေဟင်ကင်းထောက်လှမ်းမှုများပြုလုပ်လေ့ရှိသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် အများဆုံးထိခိုက်ပျက်စီးသည့်အရာများမှာ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်း များနှင့်ဘုရားကျောင်းများအစရှိသည့် ရပ်ရွာအဆောက်အဦးများဖြစ်ကြသည်။ ထိုအဆောက်အဦးများသည် ဝေဟင်မှ ကြည့်လျှင် ရှင်းလင်းစွာမြင်တွေ့နိုင်သည်။ ထို့အပြင် ရွာသားများ၏အိုးအိမ်များ၊ လယ်ယာများနှင့်စိုက်ပျိုးခြံများလည်း ထိခိုက်ပျက်စီးခဲ့သည်။*

*ဤခေတ်ပုံသတင်းတွင် ၂၀၂၅ ခုနှစ်အတွင်း စုစုပေါင်းလက်ခံရရှိသည့် ခေတ်ပုံများ (၃၆၆၂) ပုံမှ (၈၃) ပုံကို ရွေးချယ် တင်ပြထားပြီး ထိုခေတ်ပုံများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှု ကြောင့် ဒေသခံရွာသားများ ကြုံတွေ့ရသောအကျိုးသက်ရောက်မှုများကို ဖော်ပြထားသည့်သက်သေအထောက်အထား များဖြစ်သည်။ ရွေးချယ်တင်ပြထားသည့်ခေတ်ပုံ (၈၃) ပုံအနက် (၇၄) ပုံကို ဒေသအတွင်း လူ့အခွင့်အရေးအခြေအနေ ကို လေ့လာစောင့်ကြည့်ရန်အတွက် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒေသခံအဖွဲ့ဝင်များက ရိုက်ယူခဲ့ခြင်း ဖြစ်သည်။ ကျန်ရှိသည့်ခေတ်ပုံ (၉) ပုံကို ရွာသားများနှင့်ဒေသခံအာဏာပိုင်များထံမှ လက်ခံရယူခဲ့ခြင်းဖြစ်သည်။ ဤ ခေတ်ပုံများတွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများသေဆုံး၊ ဒဏ်ရာရရှိခြင်း၊ အိုးအိမ်ပိုင် ဆိုင်မှုများ ထိခိုက်ပျက်စီးခြင်း၊ နေရပ်စွန့်ခွာရခြင်းနှင့် မပေါက်ကွဲဘဲကျန်ရှိနေသည့်ဖုံးအမျိုးအစားများကို ဖော်ပြထား ပါသည်။ ထိခိုက်နစ်နာသူများ၏နာမည်များ၊ ၎င်းတို့၏မျက်နှာနှင့်နေရပ်လိပ်စာအတိအကျကို လုံခြုံရေးအတွက် ဆင်ဆာဖြတ်ထားပါသည်။*

# ဒူးသထူ(သထုံ)ခရိုင်






ဤဓာတ်ပုံနှစ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ မင်းစောကျေးရွာအုပ်စု၊ ဘဘ--- ကျေးရွာတွင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)၏ ကာမီကာဇီဒရုန်း (သို့မဟုတ်) အသေခံဒရုန်းတစ်စီးသည် ဘဘ--- ကျေးရွာရှိ ကျေးရွာစာသင်ကျောင်းအား တိုက်ခိုက်ခဲ့ကာ စာသင်ကျောင်းပျက်စီးသွားခဲ့ပါသည်။ ဒရုန်းလာရောက်တိုက်ခိုက်ချိန်သည် ကျောင်းဆင်းချိန်နောက်ပိုင်းတွင်ဖြစ်သောကြောင့် မည်သူမျှထိခိုက်မှုမရှိခဲ့ပေ။ အဆိုပါတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရွာသားများအလွန်ကြောက်ရွံ့ကြသဖြင့် ကျောင်းသူ/ကျောင်းသားများ ကျောင်းမတက်ရတော့ကာ ကျောင်းပိတ်ခဲ့ရပါသည်။ အဆိုပါကျောင်းကို ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) မှ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးကတည်းက ပံ့ပိုးပေးခဲ့ပါသည်။ ဘယ်ဘက်ရှိ ဓာတ်ပုံသည် ပျက်စီးနေသည့် သွပ်ခေါင်မိုးနှင့် ကျောင်း၏မျက်နှာကျက်များကို ဖော်ပြထားပါသည်။ ညာဘက်ထောင့်ရှိ ဓာတ်ပုံသည် ကွဲကြေနေသောပြတင်းပေါက်များနှင့် ပျက်စီးသွားသည့် စာသင်ကျောင်း၏မျက်နှာကျက်များကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*






ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင်၊ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတရဲ့ကျေးရွာအုပ်စု၊ အအ--- ကျေးရွာအနီးရှိ ရော်ဘာခြံတစ်ခုတွင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်၊ SAC တိုက်လေယာဉ်တစ်စင်းသည် ပေါင် ၅၀၀ အလေးချိန်ရှိသည့် ဗုံးကြီးနှစ်လုံးအား အအ--- ကျေးရွာ အနီးတစ်နေရာတွင် ကြဲချခဲ့ပါသည်။ ဓာတ်ပုံများတွင် ပြထားသည့်အတိုင်း အအ--- ကျေးရွာအနီးရှိ ရော်ဘာခြံတစ်ခြံတွင် ဗုံးကျရောက်ပေါက်ကွဲမှုကြောင့် ရော်ဘာပင်အများအပြားထိခိုက်ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ ရော်ဘာခြံသည် အအ--- ကျေးရွာမှ ဒေသခံရွာသားတစ်ဦးက ပိုင်ဆိုင်ပါသည်။ *(ဓာတ်ပုံ- KHRG)*






ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စု ဆဆ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် SAC ၏ ကာမီကာဇီဒရုန်းခြောက်စင်းသည် ဆဆ--- ကျေးရွာအား တိုက်ခိုက်ခဲ့ပါသည်။ ကျေးရွာအတွင်းသို့ ကာမီကာဇီဒရုန်းသုံးစင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်း ပျက်စီးခဲ့သည်။ အခြားကျန်သုံးစင်းသည် ရွာအပြင်ဘက်ရှိ လယ်ကွင်းများထဲတွင်ကျရောက်ခဲ့ပြီး မပေါက်ကွဲခဲ့ပါ။ ဒရုန်းဖြင့်တိုက်ခိုက်မှုများကြောင့် ရွာသားများကြောက်ရွံ့ကြပြီး အချို့ရွာသားများသည် ညအချိန်တွင်ရွာအပြင်ဘက်ရှိ တဲအိမ်များတွင်ညအိပ်ခဲ့ကြပြီး မနက်နေထွက်ချိန်မှသာ ရွာသို့ပြန်လာကြသည်။ ဘယ်ဘက်လက်ရှိဓာတ်ပုံတွင် ရွာသားများတွေ့ရှိခဲ့သည့် ကာမီကာဇီဒရုန်းနှစ်စင်းကို ဖော်ပြထားပါသည်။ အဆိုပါမှ ဒရုန်းတစ်စင်းသည် ကျေးရွာထဲကျရောက်ခဲ့ပြီး ကျန်တစ်စီးမှာရွာအပြင်ဘက်ကိုသို့ကျရောက်ခဲ့ပါသည်။ ညာဘက်လက်ရှိဓာတ်ပုံတွင် SAC ၏ ဒရုန်းတစ်စင်း ကျောင်းတစ်ကျောင်းအနီး ကျေးရွာဘုန်းကြီးကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲသွားသည်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*






ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ အစူးချောင်းကျေးရွာအုပ်စုရှိ၊ ဒဒ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် SAC တိုက်လေယာဉ်တစ်စင်းသည် အစူးချောင်းကျေးရွာအုပ်စုအတွင်း ဗုံးကြီးခုနှစ်လုံးကြဲချခဲ့ပါသည်။ အဆိုပါမှ ဗုံးကြီးတစ်လုံးသည် ဒဒ--- ကျေးရွာရှိ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန KECD ပံ့ပိုးပေးထားသည့် စာသင်ကျောင်း၏ အဝင်ဝတွင်ကျရောက်ပေါက်ကွဲခဲ့ပြီး ဆရာ/မများနေထိုင်ရာ ဘော်ဒါဆောင်နှင့် ကျောင်းအဆောက်အဦးများပျက်စီးသွားပါသည်။ အခြား ဗုံးနှစ်လုံးသည် ကျေးရွာထဲရှိနေရာတစ်နေရာတွင် ကျရောက်ပေါက်ကွဲခဲ့သော်လည်း ၎င်းကျရောက်ကွဲသွားသည့်နေရာသည် ရွာသားများ နေထိုင်ခြင်းမရှိသဖြင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်းသိရသည်။ ကျန်ဗုံးလေးလုံးသည် ဒဒ--- ကျေးရွာအပြင်ဘက်သို့ ကျရောက်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပါ။ ဤဓာတ်ပုံများသည် ဒဒ--- ကျေးရွာစာသင်ကျောင်းအနီး ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားပုံများကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ မင်းစောကျေးရွာအုပ်စု ဘဘ---ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့၊ နေ့လည် ၁၂ နာရီ ၄၇ မိနစ်အချိန်ခန့်တွင် SAC တိုက်လေယာဉ်တစ်စင်းမှ ပေါင် ၅၀၀ အလေးချိန်ရှိသည့်ဗုံးကြီးနှစ်လုံးကို ဘဘ--- ကျေးရွာသို့ ကြဲချခဲ့ကာ ဘုန်းကြီးကျောင်းဝင်းအတွင်းကျရောက်ပေါက်ကွဲခဲ့ပြီး ဘုန်းကြီးသံဃာနှစ်ပါးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဘုန်းကြီးကျောင်းအဆောက်အဦးများနှင့် အုန်းခြံတစ်ခြံဆိုးဝါးစွာပျက်စီးခဲ့ကာ နေအိမ် ၅ လုံးလည်းပျက်စီးသွားပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံသည် ဗုံးကျရောက်ပေါက်ကွဲမှုကြောင့် ဆိုးရွားစွာပျက်စီးသွားသည့် ဘုန်းကြီးကျောင်း အဆောက်အဦးတစ်ခုကို ဖော်ပြထားပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံသည် ဗုံးကျရောက်ပေါက်ကွဲဒဏ်ကြောင့် ပျက်စီးသွားသော ရွာသားတစ်ဦး၏အိမ်ကို ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း SAC တိုက်ခိုက်မှုခံရပြီးနောက် ဘဘ--- ကျေးရွာရှိ ရွာသားများအားလုံးသည် ကျေးရွာထဲမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသဖြင့် အခြားမည်သူမျှ ထိခိုက်ဒဏ်ရာရ ခြင်းမရှိပါ။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ဧပြီလ ၂၀၂၅ ခုနှစ်တွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ထီးဖဒို့ထကျေးရွာအုပ်စု၊ ဃဃ---ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၃ ရက်နေ့တွင် SAC တိုက်လေယာဉ်တစ်စင်းသည် ဃဃ---ကျေးရွာသို့ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးကြီးနှစ်လုံးကိုကြဲချခဲ့ပြီး ဘုရားကျောင်းနှင့် ရွာသားများ၏ နေအိမ် ၅ လုံးပျက်စီးသွားကာ အခြားရွာသား နေအိမ် ၂၂ လုံးကိုလည်းပျက်စီးသွားပါသည်။ အဆိုပါမှ ဘုရားကျောင်းဝင်းအတွင်း ပထမအကြိမ် ဗုံးတစ်လုံးကျရာက်ပေါက်ကွဲခဲ့ကာ ရွာသူ/သားများမှ ရွာအပြင်သို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ထို့ကြောင့် ရွာသူရွာသားများ ထိခိုက်သေဆုံးမှုနှင့် ဒဏ်ရာရခြင်း မရှိခဲ့ပါ။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် ပျက်စီးသွားသည့် ဘုရားကျောင်းကိုပြထားပြီး ညာဘက်လက်ရှိပုံတွင် ရွာသားတစ်ဦး၏ နေအိမ်ပျက်စီးသွားပုံကိုဖော်ထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ မင်းစောကျေးရွာ၊ ဗဗ---ကျေးရွာ ဘုန်းကြီးကျောင်းဝင်းထဲတွင် ရိုက် ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် သံဃာတော်များ နေ့လည် ဆွမ်းစားချိန်တွင် SAC တိုက်လေယာဉ်တစ်စင်းသည် ဗဗ---ကျေး ရွာရှိ ဘုန်းကြီးကျောင်းဆောင်ပေါ်သို့ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးနှစ်လုံးကြဲချခဲ့ပြီး ဘုန်းကြီးတစ်ပါးနှင့် ရွာသား ၂ ဦးထိခိုက်သေဆုံးသွားကာ အခြားသံဃာတော် ၆ ပါးနှင့် ရွာသား ၄ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဘုန်းကြီးကျောင်းဆောင်လည်း ပျက်စီးသွားပါသည်။ ဘယ်ဘက်လက် ရှိဓာတ်ပုံတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ဘုန်းကြီးတစ်ပါးအား သင်္ဂြိုဟ်ရန် ပြင်ဆင်ထားသည့်ပုံကို ဖော်ပြ ထားပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံသည် ဗဗ--- ကျေးရွာရှိ ပျက်စီးသွားသည့် ဘုန်းကြီးကျောင်း၏ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ မေလတွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတရဲ့ကျေးရွာအုပ်စု ဂဂ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မေလ ၄ ရက်နေ့၊ ညသန်းခေါင်အချိန်တွင် SAC တိုက်လေယာဉ်တစ်စင်းသည် ဂဂ--- ကျေးရွာအား (ဟဟ--- ဟုလည်းခေါ်သည်), ဗုံးနှစ်လုံးကြဲချခဲ့ပြီး ၁၆ ခုတင်ဆေးရုံတစ်ခုကိုပျက်စီးခဲ့ပါသည်။ SAC မှ ဂဂ--- ဆေးရုံကို လေကြောင်းဖြင့်တိုက်ခိုက်မှုပြုလုပ်ပြီးနောက် ရွာသူ ရွာသားများသည် လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများကို မရရှိနိုင်ကြတော့ပေ။ ဤဆေးရုံကို ကရင်ကျန်းမာရေးနှင့် လူမှုကယ်ဆယ် ရေးဌာန (KDHW) မှ စီမံခန့်ခွဲပေးထားပါသည်။ ဒေသအတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင်များက SAC လေကြောင်း တိုက်ခိုက်မှု ပြုလုပ်နိုင်ဖွယ်ရှိကြောင်း ကြိုတင်သတိပေးထားမှုရှိပြီး ရွာသူရွာသားများနှင့် ကျန်းမာရေးဝန်ထမ်းများသည် အခင်းမဖြစ်ပွားမီတွင် ခေတ္တခဏတိမ်းရှောင်ခဲ့ကြပါသည်။ ထို့ကြောင့်၊ မည်သူမျှ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ပါ။ ဤဓာတ်ပုံများသည် ဂဂ--- ကျေးရွာကို SAC တိုက်လေ ယာဉ်တစ်စင်းက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီးနောက် ပျက်စီးသွားသည့်ဆေးရုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*










ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မေလတွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဝင်းကန်ကျေးရွာအုပ်စု၊ သသ---ကျေးရွာတွင်ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၀ ရက်နေ့၊ ညနေ ၄ နာရီအချိန်ခန့်တွင် SAC ၏ Y-12 တိုက်လေယာဉ်တစ်စင်းသည် သသ--- ကျေးရွာသို့ ဗုံးကြီး ၅ လုံးကြဲချခဲ့ပါသည်။ ရွာသားများ၏နေအိမ် ၄ လုံး မီးလောင်ပျက်စီးသွားခဲ့ကာ အခြားနေအိမ် ၂ လုံးလည်းပျက်စီးသွားပါသည်။ ထို့အပြင်၊ စောအ--- အသက် (၁၈)နှစ်အရွယ် ရွာသားတစ်ဦးနှင့် အသက် (၃၁)နှစ်အရွယ် စောဘ--- တို့နှစ်ဦးသည်လည်း ကျရောက်ပေါက်ကွဲမှုမှ ဗုံးကွဲစများလွင့်စင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ အခင်းဖြစ်ပွားပြီးနောက် သသ--- ကျေးရွာမှ ရွာသားများနှင့် အနီးနားရှိ အခြားကျေးရွာများမှ ရွာသားများလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ဓာတ်ပုံများတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် သသ--- ကျေးရွာရှိ ရွာသားများ၏ နေအိမ်များ ပျက်စီးသွားသည့်ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ယိုကလားကျေးရွာအုပ်စု ဇေ--- ကျေးရွာ၌ ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့၊ ည ၈ နာရီဝန်းကျင်အချိန်ခန့်တွင် မြန်မာစစ်တပ်၏ လေယာဉ်တစ်စင်းမှ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးကြီးနှစ်လုံးအား ဇေ--- ကျေးရွာသို့ လာရောက်ကြဲချခဲ့ပါသည်။ အဆိုပါမှကြဲချခဲ့သည့် ဗုံးနှစ်လုံးအနက် တစ်လုံးသည် မပေါက်ကွဲခဲ့သော်လည်း အခြားဗုံးတစ်လုံးမှာ ပေါက်ကွဲခဲ့ပြီး ကလေးငယ် ၅ ဦးသေဆုံးသွားကာ အခြားကလေးငယ် ၂ ဦးအပါအဝင် ရွာသား ၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ အဆိုပါထိခိုက်သေဆုံးသွားသည့်ရွာသားများအားလုံးသည် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ၎င်းတို့၏အိမ်တွင် အိပ်ယာဝင်ရန်ပြင်ဆင်နေကြချိန်ဖြစ်ပါသည်။ ဗုံးကျရောက်ပေါက်ကွဲမှုကြောင့် ရွာသား ၂ ဦး၏နေအိမ်ပျက်စီးသွားခဲ့ပြီး အခြားနေအိမ် ၅ လုံးလည်း ပျက်စီးသွားခဲ့ပါသည်။ ထို့အပြင်၊ ဒေသခံရွာသားများပိုင်ဆိုင်သည့် အိမ်မွေးတိရစ္ဆာန်များ ထိခိုက်သေမှုများရှိပြီး နွားနှစ်ကောင်၊ ဝက် ၃ ကောင်၊ ကြောင် ၂ ကောင်နှင့် ခွေးတစ်ကောင် သေဆုံးခဲ့ကာ အခြားနွားတစ်ကောင်ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ကလေးနှစ်ဦး၏ပုံကို ဖော်ပြထားပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ရွာသားပိုင် နွား ၂ ကောင်နှင့် ကြောင် ၂ ကောင်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

## တောအူး (တောင်ငူ) ခရိုင်







ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုကျေးရွာအုပ်စု၊ ကက--- ကျေးရွာအနီး ရွာသားတစ်ဦး

၏ခြံနေရာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ SAC ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၉) တပ်စခန်းမှ တပ်သားများသည် လက်နက်ကြီးအကြိမ်ပေါင်းများစွာနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကို ဒေးလိုကျေးရွာအုပ်စုအတွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ အဆိုပါဒရုန်းကြဲတိုက်ခိုက်မှုမှ ဗုံး ၂ လုံးသည် ကက---ကျေးရွာအနီးရှိ ရွာသားတစ်ဦး၏နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပါသည်။ အဆိုပါ ထိုနေအိမ်သည် စောဆ---အမည်ရှိ ရွာသားတစ်ဦးကပိုင်ဆိုင်ပြီး ကျေးရွာအနီးရှိ ၎င်း၏ခြံနေရာတွင်တည်ရှိပါသည်။ SAC မှ ဒရုန်းဖြင့် လာရောက်တိုက်ခိုက်ချိန်တွင် စောဆ--- (အသက် ၈၂ နှစ်အရွယ်) နှင့် သားဖြစ်သူ ဒ--- (အသက် ၄၂ နှစ်) တို့သည် နေအိမ်တွင်အတူရှိနေကြကာ ၎င်းတို့နှစ်ဦးစလုံး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ စောဆ--- သည် ညာဘက်လက်၊ ရင်ဘတ်နှင့် မျက်ခုံးရိုးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။ ဒ--- ဖြစ်သူသည် နဖူး၊ မေးစေ့၊ ခြေထောက်နှင့် ၎င်း၏လက်တို့၌ ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။ နေအိမ်အတွင်းရှိ အသုံးအဆောင် ပစ္စည်းများစွာကိုလည်းပျက်စီးသွားပါသည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသည့် စောဆ--- အား ၎င်းမိသားစုဝင်များက တောအူးခရိုင်၊ ဒေါ်ဖားခို မြို့နယ်၊ တောင်ငူမြို့ရှိ (SAC စီမံကွပ်ကဲမှုအောက်ရှိ) ဆေးရုံတစ်ခုသို့ ပို့ဆောင်ခဲ့ကာ ဆေးကုသမှုခံယူစေခဲ့ပြီး ဒ--- ဖြစ်သူသည် နေအိမ်တွင်သာဆေးကုသမှုခံယူခဲ့ကာ ပြန်လည်သက်လာခဲ့ပါသည်။ စောဆ--- သည် ဒဏ်ရာများပြန်လည်သက်သာကောင်းမွန်လာခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆေးရုံမှဆင်းခွင့်ရခဲ့ပါသည်။ ဆေးကုသမှုကုန်ကျစရိတ်ကိုလည်း ၎င်း၏မိသားစုဝင်များ ကသာ အကုန်ထုတ်ပေးခဲ့ရပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော စောဆ--- ၏နေအိမ်ကို ဖော်ပြပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံတွင် စောဆ--- ၏နေအိမ်တွင် ကျရောက်ပေါက်ကွဲခဲ့သော ဗုံးအပိုင်းတစ်ခုကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပရှောလိုကျေးရွာအုပ်စု၊ လလ--- ကျေးရွာအနီးရှိ ရော်ဘာခြံတစ်ခြံတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ဒေသခံရွာသားများ ပိုင်ဆိုင်သည့် ရော်ဘာခြံတစ်ခုထဲ SAC မှလေယာဉ်ဖြင့် ဗုံး ၂ လုံးလာရောက်ကြဲချခဲ့ပါသည်။ အဆိုပါမှ ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး အခြားကျန်တစ်လုံးမှာ ပေါက်ကွဲမှုမရှိခဲ့ပါ။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတစ်ပုံသည် ရော်ဘာခြံအတွင်း မပေါက်ကွဲသေးဘဲကျန်ရှိနေသည့်ဗုံးတစ်လုံး၏ ကျရောက်ရာနေရာအပေါက်ကြီးတစ်ခုကို ဖော်ပြထားပါသည်။ ညာဘက်လက်ရှိဓာတ်ပုံတွင် အခြားဗုံးတစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် ရော်ဘာပင်များကို ဖော်ပြထားပါသည်။ အဆိုပါ ဗုံးနှစ်လုံးသည် ပေါင် ၅၀၀ ဗုံးများဖြစ်သည်ဟု ဒေသခံရွာသားများက ယူဆကြပါသည်။ အခင်းဖြစ်ပွားရာနေရာများကို မျက်မြင်တွေ့ခဲ့ရသည့် ဒေသခံရွာသားများ၏ပြောကြားချက်အရ အဆိုပါဗုံးများသည် ကျေးရွာထဲသို့ကျရောက်ခဲ့လျှင် အိမ်တွင်း (သို့မဟုတ်) ဗုံးခိုကျင်းထဲပုန်းနေမည် ဆိုပါက မည်သူမျှ ဘေးကင်းနိုင်မည်မဟုတ်ကြောင်း ၎င်းတို့ကဆိုပါသည်။ အဆိုပါကြောင့်၊ ဒေသခံရွာသားများလည်း အလွန်ကြောက်ရွံ့ခဲ့ ကြရပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မေလတွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေ့လိုမူထော်ကျေးရွာအုပ်စုတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၊ နေလယ် ၁၁ နာရီ ၃၀ မိနစ်အချိန်ခန့်တွင် ကလေ့လိုမူထော်ကျေးရွာအုပ်စုရှိ မမ---- အထက်တန်းကျောင်းဝင်းအတွင်း SAC ၏ တိုက်လေယာဉ် တစ်စင်းမှ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးကြီး နှစ်လုံးကို ကြဲချခဲ့ ပါသည်။ အဆိုပါစာသင်ကျောင်းသည် ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန KECD မှ စီမံခန့်ခွဲထားပါသည်။ အဆိုပါတိုက်ခိုက်မှုတွင် ဗုံးတစ်လုံးသာ ပေါက်ကွဲသွားခဲ့ပါသည်။ မမ--- အထက်တန်းကျောင်း၏ကျောင်းအုပ်ကြီး စောဃ--- သည် ၎င်း၏ပခုံးတွင် ဗုံးအစအနတစ်ခု ထိမှန်သွားခဲ့ပါသည်။ ရွာသား များ၏ နေအိမ် ၂ လုံး၊ သစ်ပင်အချို့နှင့် အိမ်သာ တစ်လုံးလည်း ပျက်စီးသွားခဲ့ပါသည်။ အခင်းဖြစ်ပွားချိန် ကျောင်းဝင်း အတွင်းကျောင်းသူ/သားများ၊ ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ/မများအပါအဝင် လူအယောက် (၂၀) ခန့်သည် ချက်ချင်း ဘေးလွတ်ရာ ချောင်းထဲသို့အချိန်မီ ထွက်ပြေးတိမ်းရှောင် ခဲ့ကြပါသည်။ ထိုထိခိုက်ဒဏ်ရာရရှိသွားသည့် ကျောင်းအုပ်ကြီးအား ထိုနေ့ တစ်နေ့ထဲတွင်ပင် ဆေးကုသမှုခံယူခဲ့ပါသည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ကျောင်းသူ/သားအားလုံး ကြောက်ရွံ့ထိတ် လန့်ခဲ့ရပါသည်။ ဓာတ်ပုံတွင် SAC လေကြောင်းတိုက်ခိုက်ခဲ့ပြီးနောက် ထိခိုက်ဒဏ်ရာ ရရှိသွားသည့် ကျောင်းအုပ်ကြီး စောဃ---အား ၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဒေသခံရွာသားများက ၎င်းကိုဆိုင်ကယ် ဖြင့် အနီးနားရှိ ဆေးခန်းတစ်ခု သို့ ပို့ဆောင်ခဲ့သည်ကို ပုံတွင်ဖော်ပြ ထားပါသည်။ *(ဓာတ်ပုံ- KHRG)*

## ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်




ဤဓာတ်ပုံတစ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ခလယ်လွီထူ ခရိုင်၊ လယ်ဒိုမြို့နယ်၊ ဃဲဒဲကျေးရွာအုပ်စု၊ နန--- ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် နေ့၊ ည ၉း၃၀ နာရီအချိန်ခန့်တွင် SAC တိုက်လေယာဉ် တစ်စင်းမှ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးကြီးတစ်လုံးအား နန---ကျေးရွာအတွင်းသို့ ကြဲချခဲ့ကာ ရွာသားတစ်ဦး၏နေအိမ် ပျက်စီးသွားခဲ့ပါသည်။ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ရွာသားများသည် တောထဲသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ အဆိုပါဓာတ်ပုံတွင် ဗုံးကြဲရာနေရာနှင့် နေအိမ်တစ်လုံး ပျက်စီးသွားသည်ကို ဖော်ပြထားပါသည်။ အခင်းမဖြစ်ပွားမီအချိန်၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့သည် လယ်ဒိုမြို့နယ်ရှိ SAC ၏ ခိုသေစိုးတပ်စခန်းကို တိုက်ခိုက်ခဲ့ပါသည်။ *(ဓာတ်ပုံ- KHRG)*



KHRG မှ ဤဓာတ်ပုံအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဒေသခံအကြီးအကဲတစ်ဦးထံမှ ရရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ခလယ်လွီထူခရိုင်၊ ဆောထိမြို့နယ်၊ အင်းဝိုင်းကျေးရွာ အုပ်စု၊ ရေကြည်ချောင်းကျေးရွာ အ ခြေစိုက် SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀) မှ ဆောထိ မြို့နယ်၊ ပျဉ်ရေကျေးရွာရွာအုပ်စုရှိ ဝဝ--- ကျေးရွာနှင့် ပပ---ကျေးရွာထဲသို့ ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ပါ သည်။ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဗုံးတစ်လုံးသည် ပပ--- ကျေးရွာဘုန်းကြီးကျောင်းပေါ် ကျရောက်ပေါက်ကွဲခဲ့ပါသည်။ ကျရောက်ပေါက်ကွဲမှုကြောင့် ဘုန်းကြီးတစ်ပါးသေဆုံးသွားပြီး အခြား ဘုန်းကြီးတစ်ပါးသည် ဝဲဘက်ပေါင်၌ထိခိုက်ဒဏ်ရာရရှိခဲ့ပါ သည်။ အဆိုပါ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုမှ ဗုံးတစ်လုံး ဝဝ--- ကျေးရွာရှိ ကိုဗ--- ၏နေအိမ်ရှေ့တွင် ကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ ဗုံးကျရောက် ပေါက်ကွဲမှုကြောင့် ကိုဗ--- သည် ၎င်း၏လက်မောင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဒေသခံရွာသားများ၏အဆိုအရ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ (PDF) မှ အဖွဲ့ဝင်များသည် တစ်ခါတစ်ရံ ရွာနှစ်ရွာထဲဖြတ်သန်းသွားလာနေကြသောကြောင့် SAC မှ အဆိုပါရွာ နှစ်ရွာကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရွာသားများက ထင်မြင်ယူဆကြပါသည်။ ဓာတ်ပုံတွင် SAC ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသည့် ဘုန်းကြီးတစ်ပါးကို ဖော်ပြထားပါ သည်။ *(ဓာတ်ပုံ- ဒေသခံအကြီးအကဲ)*





KHRG သည် ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဒေသခံအာဏာပိုင်တစ်ဦးထံမှ ရရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် SAC တိုက်လေယာဉ်တစ်စင်းသည် ခလယ်လွီထူခရိုင်၊ ဆောထိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ခခ---- ကျေးရွာအား ဗုံးကြဲ ခဲ့ပါသည်။ အဆိုပါ ဗုံးကြဲမှုကြောင့် ခခ--- ကျေးရွာရှိ ရရ--- ဘုန်းကြီး ကျောင်းဝင်းအတွင်း ဗုံးများကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ နောက်တစ် ရက်နေ့၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် SAC လေယာဉ်တစ်စင်းသည် ခခ---ကျေးရွာအတွင်း ပေါင် ၅၀၀ အလေးချိန်ရှိဗုံးကြီးနှစ်လုံးကို ထပ်မံအကြိမ်ဗုံးကြဲခဲ့ပြီး ဗုံး ၂ လုံးအနက် တစ်လုံးသည် ရရ--- ဘုန်းကြီးကျောင်းသို့ ထပ်မံတစ်ကြိမ်ထိမှန်ခဲ့ပါသည်။ အဆိုပါမှ အခြား ဗုံးတစ်လုံးသည် ရွာသားတစ်ဦး၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားမှုကြောင့် ဘုန်းကြီး ကျောင်းအမိုး၊ နံရံ၊ ကြမ်းပြင်နှင့် ဘုရားဆင်းတုတော်များ အပါအဝင် လုံးဝပျက်စီးသွားခဲ့ပါသည်။ ထို့အပြင်၊ ရွာသူရွာသားများ၏ နေအိမ် ၅ လုံးလည်း ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ ဖြစ်ပွားမှုပြီးနောက်တွင် ဒေသခံရွာသားများသည် ဆောထိမြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စုနှင့် သက်ကယ်ခိုကျေးရွာ အုပ်စုအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါသည်။ အချို့သော ရွာသူ/ရွာသားများသည်

အနီးနားရှိ မြို့တစ်မြို့ထဲ တိမ်းရှောင်ခဲ့ကြပါသည်။ SAC မှ လေကြောင်းတိုက်ခိုက်မှု မပြုလုပ်မီအချိန်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF တပ်သားများသည် ညောင်ပင်ကြီးကျေးရွာအုပ်စုအတွင်းရှိ SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀) အား တိုက်ခိုက်ခဲ့ကာ SAC စစ်သားများ ထိခိုက်ကျ ဆုံးမှုများရှိခဲ့ပါသည်။ ဓာတ်ပုံတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ခခ--- ဘုန်းကြီးကျောင်းနှင့် ရရ--- ကျေးရွာ၏ အခြေ အနေကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- ဒေသခံအာဏာပိုင်)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခလယ်လွှီထူခရိုင်၊ ဆောထိမြို့နယ်၊ ငွေးကုန်းကျေးရွာအုပ်စု၊ စစ---ကျေးရွာတွင်ရိုက်ကူး ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပိန်းဇလုပ်မြို့အခြေစိုက် SAC ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၆၄) တပ်စခန်းသည် စစ--- ကျေးရွာအား ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ရာ ဆန်ကြိတ်စက်တစ်ခုနှင့် စောဂ--- ပိုင်နေအိမ်တစ်လုံး ထိခိုက်ပျက်စီးသွားပြီး ဦးဟ-- ပိုင်နေအိမ်တစ်လုံး လည်း ပျက်စီးသွားပါသည်။ ဖြစ်စဉ်မဖြစ်ပွားမီတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF တပ်သားများ သည် ကျေးရွာအတွင်းကင်းလှည့်ပြီး ရွာအဝင် ဝတွင် စစ်ဆေးရေးဂိတ်တစ်ခု ချထားခဲ့ပါသည်။ ဓာတ်ပုံများတွင် SAC ဒရုန်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ဦးဂ--- ၏ ဆန်ကြိတ်စက်အဆောက်အဦးပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခလယ်လွှီထူခရိုင်၊ ဆောထိမြို့နယ်၊ ငွေးကုန်းကျေးရွာအုပ်စု၊ စစ---ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်နေ့၊ နေ့လယ် ၁၂ နာရီ ၃၇ မိနစ်အချိန်တွင် SAC တိုက်လေ ယာဉ်တစ်စင်းသည် စစ--- ရွာအား တိုက်ခိုက်ခဲ့ကာ အသက် ၁၈ နှစ်အရွယ် နော်ဇ--- အမည်ရှိ ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါရွာသားသည် ဘယ်ဘက်ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင်၊ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသား နေအိမ် ၂ လုံးပျက်စီးခဲ့ကာ နွား ၂ ကောင်သေဆုံးသွားပြီး အခြားနွား ၃ ကောင်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဓာတ်ပုံတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် နွားတစ်ကောင်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် ခလယ်လွိီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဃဲဒဲကျေးရွာအုပ်စု၊ ဌဌ--- ကျေးရွာ အနီးရှိ တတ--- နေရာတွင်ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် SAC တိုက်လေယာဉ်တစ်စင်းသည် မီးလောင်ဗုံးဟု ရွာသားများ ယူဆရသည့်ဗုံးများကို လာရောက်ကြဲချခဲ့ပါသည်။ အဆိုပါကြောင့် စောသ--- အမည်ရှိ ရွာသားတစ်ဦးပိုင်သည့် ဈေးဆိုင်တစ်ဆိုင်နှင့် နေအိမ်တစ်လုံး မီးလောင်ပျက်စီးသွားခဲ့ပါသည်။ ထိုဈေးဆိုင်၏ တန်ဖိုးသည် ကျပ်ငွေ ၄၀,၀၀၀,၀၀၀ လောက်ရှိမည်ဟု စောသ--- ကဆိုပါသည်။ ရွာသားများ ထိခိုက် ဒဏ်ရာရတာ မရှိကြောင်းသိရပါသည်။ အခင်းမဖြစ်ပွားမီ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် SAC ဒရုန်းတစ်စင်းသည် တတ--- နေရာအား ဒရုန်းဖြင့်ပျံသန်း ထောက်လှမ်းခဲ့ပါသည်။ ဓာတ်ပုံတွင် မီးလောင်နေသည့် ဆိုင်ခန်းအား ရွာသားများမီးငြိမ်းရန် ကြိုးစားနေသည့် ပုံကိုဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မေလတွင် ခလယ်လွိီထူခရိုင်၊ ဆောထိမြို့နယ်၊ ပျဉ်ဒွေရေကျေးရွာအုပ်စု၊ ဖဖ--- ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့၊ မနက် ၇ နာရီ ၂၀ မိနစ်အချိန်ခန့်တွင် SAC တိုက်လေယာဉ်တစ်စင်းသည် ဖဖ--- ရွာအား လေကြောင်းတိုက်ခိုက်ရာ သုံးကြိမ်တိုင်တိုင် ပျံသန်းကင်းထောက်မှုများပြုလုပ်ခဲ့ပါသည်။ အဆိုပါ လေယာဉ်သည် တောအူးခရိုင်၊ တောင်ငူမြို့မှ ပျံသန်းလာသည်ဟု ရွာသားများက ယူဆကြပါသည်။ တတိယအကြိမ် ပျံသန်းလာချိန်တွင် ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးတစ်လုံးကြဲချခဲ့ပြီး ဖဖ--- အထက်တန်းကျောင်းနောက်ဘက် ကျောင်းဝင်းအတွင်းတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ကျောင်းဆောင်ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ အထက်တန်းကျောင်းသည် ကရင်ပညာရေးနှင့်ယဉ်ကျေးဌာန KECD မှ စီမံခန့်ခွဲထားပါသည်။ ကျောင်းဝင်းအနီး နေထိုင်သည့် အသက် ၃၉ နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သည့် ကိုက--- သည် နေအိမ်ပြတင်းပေါက်မှ ဗုံးကွဲစများလွင့်စင်လာပြီး ၎င်း၏ ခါးနှင့် အနောက်ဘက်ပခုံးတို့တွင် ထိမှန်ခဲ့ကာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပါသည်။ နေအိမ်လည်း အနည်းငယ်ပျက်စီးသွားပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် ကျောင်းနံရံနှင့် ပြတင်းပေါက်များ ပျက်စီးသွားပုံကို ဖော်ပြထားပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အပေါက်များနှင့် ပြည့်နေသည့် အထက်တန်းကျောင်း၏ သွပ်ခေါင်မိုးနှင့် မျက်နှာကျက်များ ပျက်စီးသွားပုံကိုဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ခလယ်လွိဳထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဟသ်ာဝဲကျေးရွာအုပ်စု၊ ထထ--- ကျေးရွာအနီးရှိ လယ်ကွင်းတစ်ခုထဲတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့၊ ညနေ ၂ နာရီအချိန်ခန့်တွင် SAC တိုက်လေ ယာဉ် တစ်စင်းသည် ထထ--- ရွာထဲသို့ ပေါင် ၅၀၀ အလေးချိန် ရှိဗုံးနှစ်လုံး အား ကြဲချခဲ့ပါသည်။ အဆိုပါဗုံးနှစ်လုံးသည် လယ်ကွင်းတစ်ခုထဲသို့ ကျရောက်ပေါက်ကွဲပြီး လယ်ကွင်းများ ပျက်စီးခဲ့သည်။ ထိုလယ်ကွင်းသည် ရွာသားများ၏နေအိမ်နှင့် အတောင် ၄၀ (၁၈ မီတာ) ခန့် အကွာတွင် ရှိပါသည်။ ထို့အပြင် ရွာသားနှစ်ဦး (စောလ---နှင့် နော်မ---)တို့လည်း ဒဏ်ရာရခဲ့ပါသည်။ ရွာသားများ၏ နေအိမ် ၈ လုံး ပျက်စီးသွားခဲ့ပါသည်။ ထိခိုက်ဒဏ်ရာရရှိသည့် ရွာသားနှစ်ဦးအား ကရင်ကျန်းမာရေး နှင့်ကယ်ဆယ်ရေးဌာန (KDHW) မှ စီမံကွပ်ကဲထားသည့် လယ်ဒိုမြို့နယ် ညည--- ဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။ ဓာတ်ပုံတွင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် SAC လေကြောင်းတိုက်ခိုက် မှုကြောင့် ပျက်စီးသွားသည့် စပါးခင်းများကိုဖော်ပြပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံတစ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ခလယ်လွိဳထူ ခရိုင်၊ လယ်ဒိုမြို့နယ်ရှိ ဆေးပေးခန်းတစ်ခုတွင် ရိုက်ကူးခဲ့ပါ သည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့၊ ညနေ ၅ နာရီ ၅၀ မိနစ် အချိန်ခန့်တွင် မြန်မာစစ်တပ်သည် လယ်ဒိုမြို့နယ်၊ တော ကြောင်ပေါက်ကျေးရွာအုပ်စု၊ ယယ---ကျေးရွာထဲသို့ ဒရုန်းဖြင့် ဗုံးနှစ်လုံး လာရောက်ကြဲချခဲ့ပါသည်။ အဆိုပါမှ ဗုံးတစ်လုံးသည် ကျောင်းဝင်းထဲသို့ ကျရောက်ပေါက်ကွဲသွားပါသည်။ ကျရောက် ပေါက်ကွဲမှုကြောင့် ရွာသား ၄ ဦး ပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး ကလေးနှစ်ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအပါအဝင် အခြားရွာသား ၄ ဦးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပါသည်။ ထိုထိခိုက်ဒဏ်ရာများအားလုံးသည် ခလယ်လွိဳထူခရိုင်၊ မူးမြို့ နယ်၊ ဝါးပင်စုကျေးရွာအုပ်စုမှ စစ်ဘေးရှောင်ရွာသားများဖြစ်ကြပါသည်။ ထိခိုက်ဒဏ်ရာရရှိသည့် ကလေးငယ်တစ်ဦးသည် ဆေးရုံသို့ပို့ဆောင်စဉ်လမ်းတွင် သေဆုံးသွားခဲ့ပြီး အခြားကလေးငယ်တစ်ဦးသည် ဆေးရုံသို့ရောက်ရှိချိန်တွင် သေဆုံးသွားခဲ့ပါသည်။ ထိခိုက် ဒဏ်ရာရရှိသည့် ရွာသား ၄ ဦးအနက် ၂ ဦး သာ အသက်ရှင်ကျန်ရစ်ခဲ့ပါသည်။ တိုက်ခိုက်မှုအတွင်း စာသင်ကျောင်းတစ်ကျောင်းလည်း ပျက်စီးသွားခဲ့ပါသည်။ အခြားဗုံးတစ်လုံးသည် အခြားနေရာတစ်နေရာသို့ ကျရောက်ခဲ့ကာ ပေါက်ကွဲမှုမရှိခဲ့ပါ။ ဖြစ်စဉ်ဖြစ်ပွားပြီးနောက်၊ လုံခြုံရေးစိုးရိမ်မှုကြောင့် အဆိုပါကျေးရွာစာသင်ကျောင်းနှင့် အနီးအနားရှိ ကျောင်းတစ်ကျောင်းကိုလည်း ပိတ်ထားခဲ့ရပါသည်။ ဓာတ်ပုံတွင် KDHW မှ စီမံခန့်ခွဲလည်ပတ်ပေးထားသည့် ဆေးခန်းတစ်ခုတွင် ဆေးကုသမှုခံယူနေသည့် ဒဏ်ရာရရွာသားတစ်ဦးကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ အင်ဒိုင်းကုန်းကျေးရွာအုပ်စု၊ ဈဈ---ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၊ ည ၈ နာရီခန့်အချိန်တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်တစ်စင်းသည် ဈဈ--- ရွာသို့ ပေါင် ၅၀၀ အလေးချိန်ရှိဗုံးတစ်လုံးအား လာရောက်ကြဲချခဲ့ပါသည်။ အဆိုပါ ဗုံးကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၄၆ နှစ်အရွယ် ရွာသားတစ်ဦး ထိခိုက်သေဆုံးသွားခဲ့ပါသည်။ ထို့အပြင် ရွာသားများ၏ နေအိမ် ၅ လုံး ထိမှန်ပျက်စီးသွားသည့်အပြင် ဆိုင်ကယ်တစ်စီးလည်း ပျက်စီးသွားပါသည်။ ဒေသခံရွာသားတစ်ဦး၏ အိမ်မွေးနွား ၅ ကောင်သေဆုံးပြီး အခြားတစ်ကောင်ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ရွာသားများ၏ နေအိမ်ပုံများကိုဖော်ပြထားပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ဆိုင်ကယ်တစ်စီးကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

## ဘိတ်-ထားဝယ်ခရိုင်





KHRG မှ ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဒေသခံအာဏာပိုင်တစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ နေ့လည် ၁၁ နာရီ ၃၀ မိနစ်အချိန်ခန့်တွင် မြိတ်မြို့မှ SAC တိုက်လေယာဉ်တစ်စင်းသည် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပေါခလိုးကျေးရွာအုပ်စုရှိ အဘ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုသည် အဆိုပါဒေသတွင်း ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနား ကျင်းပပြုလုပ်ပြီးနောက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်လေယာဉ်တစ်စင်းသည် ဗုံး ၃ လုံးလာရောက်ကြဲချခဲ့ပြီး ကျေးရွာထဲကိုလည်း လေယာဉ်စက်သေနတ်ဖြင့်လည်းပစ်ခတ်ခဲ့ပါသည်။ အဆိုပါကြောင့် ရွာသားနှစ်ဦးဖြစ်သည့် စောန---(အသက် ၃၄ နှစ်)နှင့် နော်ဝ---(အသက် ၃၃ နှစ်) နှစ်ဦးစလုံးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါသည်။ စောန---သည် ခြေသလုံး၊ လက်နှင့် ရင်ဘတ်တို့တွင် ဒဏ်ရာများရရှိခဲ့ပါသည်။ နော်ဝ--- သည် ၎င်း၏ ခြေထောက်၊ လက် နှင့် ခန္ဓာကိုယ် အခြား

နေရာများတွင် ဒဏ်ရာများရရှိခဲ့ပါသည်။ ဖြစ်စဥ် ဖြစ်ပွားပြီးနောက်တွင် ထိုထိခိုက်ဒဏ်ရာရရှိသည့် ရွာသားနှစ်ဦးအား ပေါခလိုးကျေးရွာစု၊ အဆ--- ကျေးရွာရှိ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန KDHW စီမံအုပ်ချုပ်မှုအောက်ရှိ ဆေးပေးခန်းတစ်ခုသို့ ပို့ဆောင်ခဲ့ပါသည်။ ဓာတ်ပုံတွင် ဆေးပေးခန်းတွင် ဆေးကုသမှုခံယူနေသည့် ရွာသူ/သားနှစ်ဦး၏ ပုံကိုဖော်ပြထားပါသည်။ အဆိုပါ ထိုရွာသားနှစ်ဦးသည် ပြင်းထန် ဒဏ်ရာရရှိမှုကြောင့် နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၊ ကန်ချနပူရီခရိုင်၊ အဒ--- မြို့ရှိ ဆေးရုံသို့ပို့ဆောင်ခဲ့ရပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင်လည်း ဆိုင်ကယ်တစ်စီး၊ ရွာသားနှစ်ဦး၏အိမ်နှင့် စိုက်ပျိုးပင်များစွာပျက်စီးသွားခဲ့ပြီး အိမ်မွေးတိရစ္ဆာန်များလည်းထိခိုက်သေဆုံးသွားပါသည်။ ထိုဒေသအတွင်း လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ပထမဦးဆုံးအကြိမ် ခံခဲ့ရခြင်း ဖြစ်ကြောင်း ရွာသားများကဆိုသည်။ ရွာသားများအနေဖြင့် အဆိုပါ ၎င်းတို့နယ်မြေအတွင်း နောက်ထပ်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ လုံခြုံရေးစိုးရိမ်ရမှုများ ရှိလာပါသည်။ *(ဓာတ်ပုံ - ဒေသခံအာဏာပိုင်)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ဘိတ်-ထားဝယ်ခရိုင်၊ တနောသရီမြို့နယ်၊ မော်ဒိုကျေးရွာအုပ်စု၊ အဟ---ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်တစ်စင်းသည် အဟ---ကျေးရွာအား လာရောက်ဗုံးကြဲခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုပြုလုပ်သည့်နေ့တွင် ကျေးရွာအတွင်း တိုက်ပွဲတစ်စုံတစ်ခုမျှ ဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းတိုက်ခိုက်မှုကို ခံခဲ့ရပါသည်။ အဆိုပါကျေးရွာသည် ပထမဦးဆုံးအကြိမ် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ခံခဲ့ရပါသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ၏ နေအိမ် ၂ လုံး၊ ကွမ်းပင်များနှင့် ရေတွင်းတစ်ခုပျက်စီးသွားခဲ့ပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် ပျက်စီးသွားသည့်ရွာသားများ၏ နေအိမ်များကို ဖော်ပြထားပြီး ညာဘက်လက်ရှိ ဓာတ်ပုံတွင် အဟ--- ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့သည့် ဗုံးအပိုင်းအစများ ကိုဖော်ပြထားပါသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ကလေးများ ကျေးရွာစာသင်ကျောင်းတွင် စာသင်နေကြချိန်ဖြစ်သည်။ ဖြစ်စဥ်ဖြစ်ပွားပြီးနောက် ကျေးရွာစာသင်ကျောင်းကိုလည်း ပိတ်ထားခဲ့ရပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဘိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ လေညာထာခေါနယ်မြေရှိ အဃ--- နေရာတစ်နေရာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့၊ နေ့လယ်မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် မြန်မာစစ်တပ်ပိုင် လေယာဉ်တစ်စင်းသည် အဃ--- နေရာကို လာရောက်ဗုံးကြဲခဲ့ပါသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ကလေးငယ် ၂ ဦးအပါအဝင် ရွာသား ၄ ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ရွာသားပိုင်နေအိမ်တစ်လုံးမီးလောင်ပျက်စီးခဲ့ပါသည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်တွင် အဃ--- နေရာရှိ အချို့ရွာသားများသည် တောအုပ်ထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF ဆေးမှူးများနှင့် ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန KDHW ဝန်ထမ်းများမှ ထိုထိခိုက်ဒဏ်ရာရရှိသွားသည့် ရွာသားများကို ဆေးကုသမှုပေးခဲ့ပါသည်။ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ ကြောက်ရွံ့ခဲ့ကြရပါသည်။ အခင်းဖြစ်ပွားပြီးနောက် လေညာထာခေါနယ်မြေရှိ အဗ--- နှင့် အဂ--- ရွာများရှိ စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် ထိခိုက်ဒဏ်ရာရှိသည့် ရွာသားတစ်ဦး ထွက်ပြေးတိမ်းရှောင်နေစဉ် တောထဲတစ်နေရာတွင် ဆေးကုသမှုခံယူနေရသည်ကို ဖော်ပြထားပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံတွင် ရွာသားများ တောထဲထွက်ပြေးတိမ်းရှောင်နေရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင်း ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလဲနယ်မြေ၊ အဧ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့အခြေစိုက် ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၄၀၄)မှ အင်အား (၁၀၀) ခန့်ရှိသည့် မြန်မာစစ်သားများသည် ဘိတ်-ထားဝယ်ခရိုင် ကစယ်ခလဲဒေသရှိ၊ အသ----ကျေးရွာနှင့် အဧ---ကျေးရွာသို့ စစ်ကြောင်းထိုး တက်လာခဲ့ကြပါသည်။ အဆိုပါ အသ--- ကျေးရွာသို့ရောက်သောအခါ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA

တပ်ခွဲအမှတ် (၁)၊ တပ်ရင်း (၁၂) လက်အောက်ခံတပ်ဖွဲ့ဝင်များက ၎င်းတို့ကိုတိုက်ခိုက်ခဲ့ပါသည်။ ယင်းတိုက်ခိုက်မှုတွင် မြန်မာစစ်တပ်မှ စစ်သားအချို့သည် ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါသည်။ တိုက်ခိုက်ခံရမှုပြီးနောက် အဆိုပါမြန်မာစစ်သားများသည် အသ---ကျေးရွာရှိ ရွာသားများ၏ နေအိမ် ၅၈ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ထိုမြန်မာစစ်သားများသည် အဇ---ကျေးရွာသို့ ကင်းလှည့်လာခဲ့ပါသည်။ အဇ---ကျေးရွာသို့ ရောက်လာသောအခါ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တပ်ခွဲအမှတ် (၁) မှ ၎င်းတို့အား ထပ်မံတိုက်ခိုက်ပြန်ပါသည်။ ထို့နောက် အဇ---ကျေးရွာရှိ ရွာသားများ၏ နေအိမ်အလုံး ၂၀ ကို အဆိုပါမြန်မာစစ်သားများက ထပ်မံမီးရှို့ဖျက်ဆီးခဲ့ပါသည်။ တိုက်ခိုက်မှုအပြီး မြန်မာစစ်တပ်၏လေယာဉ်တစ်စင်းသည် အဇ---ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ကျေးရွာဘုန်းကြီးကျောင်းထိမှန်ပျက်စီးသွားကာ ရွာသားများပိုင်ဆိုင်သည့် စိုက်ပျိုးပင်များလည်းထိခိုက်ပျက်စီးသွားပါသည်။ ဓာတ်ပုံတွင်ပျက်စီးသွားသော ဘုန်းကြီးကျောင်းအဆောက်အဦးများကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

## မူတြော် (ဖာပွန်) ခရိုင်













ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကျောပါးကျေးရွာအုပ်စုတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် SAC သည် ကျောပါးကျေးရွာအုပ်စုရှိ အက--- ကျေးရွာအား လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ပါသည်။ တိုက်ခိုက်မှုကြောင့် ရွာသား ၄ ဦး (ကလေးတစ်ဦးအပါအဝင်) သေဆုံးသွားခဲ့ပြီး အခြားလူ ၆ ဦး (ကလေးနှစ်ဦးအပါအဝင်) ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင်လည်း နေအိမ် ၅ လုံး မီးလောင်ပျက်စီးသွားပါသည်။ အဆိုပါတိုက်ခိုက်ခံရမှုကြောင့် အက--- ကျေးရွာရှိ ရွာသားများအားလုံး ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ စစ်ဘေးရှောင်ရွာသားများသည် (၂၀၂၅ ခုနှစ်၊ ဇွန်လတွင်) ကရင်အမျိုးသမီးအစည်းအရုံး (KWO) မှ ကနဦးထောက်ပံ့မှုအချို့ကို ရရှိခဲ့သော်လည်း ဘူးသိုမြို့နယ်၊ ၎င်းတို့၏ပုန်းရှောင်ရာနေရာများတွင် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ခဲ့ကြပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် SAC မှ ကျောပါး

ကျေးရွာအုပ်စု၊ အလ--- ကျေးရွာအနီး လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ်ပြုလုပ်ခဲ့ကာ ဘုန်းကြီးကျောင်းနှင့် အခြားအဆောက်အဦး အများအပြား ပျက်စီးသွားခဲ့ပါသည်။ အဆိုပါကြောင့် အလ--- ကျေးရွာရှိ ရွာသားများသည် နောက်ထပ်တိုက်ခိုက်မှုများမှ လွတ်မြောက်ရန် တောထဲသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဘယ်ဘက်ထောင့်အပေါ်အတန်းရှိဓာတ်ပုံတွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အက--- ကျေးရွာအတွင်း SAC လေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် ရွာသားများ၏ နေအိမ်ကျန်ရှိနေပုံများကိုဖော်ပြထားပါသည်။ ညာဘက်အပေါ်တန်းရှိဓာတ်ပုံတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အက--- ရှိ ရွာသားများအိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် ပုံကိုဖော်ပြထားပါသည်။ ဓာတ်ပုံထဲတွင် ၎င်းတို့သည် အက--- ကျေးရွာအနီးရှိ တောအုပ်တစ်နေရာတွင် အခြေချနေထိုင်ခဲ့ကြပါသည်။ ဘယ်ဘက်ထောင့်အောက်ခြေအတန်းရှိဓာတ်ပုံသည် နေအိမ်မီးလောင်မှုမှသေဆုံးသွားသည့်ရွာသားများ၏ ရုပ်အလောင်းများကို ရွာသားများက ပြန်လည်ဆယ်ယူနေကြသည့် ပုံကိုဖော်ပြထားပါသည်။ ညာဘက်ထောင့် အောက်ခြေအတန်းရှိဓာတ်ပုံတွင် အလ--- ကျေးရွာတွင် ဖြစ်ပွားခဲ့သော SAC လေကြောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ဘုန်းကြီးကျောင်းပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*










ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင်၊ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ အမ---ကျေးရွာ တွင်ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် SAC တိုက်လေယာဉ်တစ်စင်းသည် ကျေးရွာအနီးရှိ SAC စစ်သားများနှင့် KNLA စစ်သားများကြား တိုက်ပွဲဖြစ်ပွားနေစဉ် အမ--- ကျေးရွာကို လေကြောင်းမှ တိုက်ခိုက်ခဲ့ပါသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ရွာသားများ၏ နေအိမ်အများအပြားကို ပျက်စီးသွားပါသည်။ ဓာတ်ပုံများထဲတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ၏ နေအိမ်များ ပျက်စီးသွားပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ အန---ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့၊ နံနက်မိုးလင်းချိန် ၅ နာရီတွင် SAC တိုက်လေယာဉ်တစ်စင်းသည် အန--- ရွာကို ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးတစ်လုံးဖြင့် လာရောက်ဗုံးကြဲခဲ့ပါသည်။ အဆိုပါကြဲချခဲ့သည့် ဗုံးတစ်လုံးသည် ကျေးရွာတွင်းရှိ မူကြိုကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ကာ ကျောင်းအဆောက်အဦးများ (KECD မှ စီမံကွပ်ကဲ ထားသည်) နှင့် အနီးနားရှိ ရွာသူရွာသားများ၏ အိမ်အများအပြား ပျက်စီးသွားခဲ့ပါသည်။ ဓာတ်ပုံတွင် အန---ကျေးရွာအတွင်း ပျက်စီးသွားသည့်စာသင်ကျောင်းဆောင်များကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ မေလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မုပလောကျေးရွာအုပ်စု၊ အဝ--- ကျေးရွာအနီးရှိ တောအုပ်တစ်ခုထဲတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် SAC မှ အဝ--- ကျေးရွာအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ရွာသားများ၏ နေအိမ် ၅ လုံး ပျက်စီးသွားခဲ့ပြီး အခြားရွာသားတစ်ဦး၏ နေအိမ်တစ်လုံးကိုလည်း အနည်းငယ်ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ကျေးရွာအတွင်းရှိ ဒေသခံရွာသားများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါသည်။ ဓာတ်ပုံများတွင် အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် ရွာသားများ တောထဲတစ်နေရာတွင် ပုန်းအောင်းနေကြပုံကို ဖော်ပြထားပါသည်။ အဆိုပါ အိုးမဲ့အိမ်မဲ့ရွာသားအချို့မှာ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် အမိုးအကာများ မလုံလောက်မှုတို့ကို ကြုံတွေ့နေရသောကြောင့် ရွှေ့ပြောင်းရစဉ်တွင် ၎င်းတို့အတွက် အလွန်ခက်ခဲလှပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံတစ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စုရှိ တောအုပ် တစ်ခုထဲတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် SAC သည် ပေကေးကျေးရွာအုပ်စုရှိ အပ--- ကျေးရွာအား လေကြောင်းမှတိုက်ခိုက်ခဲ့ပြီး ကျေးရွာဘုရား ကျောင်း၊ ကျေးရွာစာသင်ကျောင်းနှင့် ရွာသားများ၏ နေအိမ် အများအပြားကို ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ လေကြောင်း တိုက်ခိုက်မှုကြောင့် ရွာသား ၅ ဦးသေဆုံးပြီး အခြား ၂ ဦးထိ ခိုက်ဒဏ် ရာရရှိခဲ့ပါသည်။ အခင်းဖြစ်ပြီးနောက်တွင် ကလေးငယ်များအပါအဝင် ရွာသားအများ အပြား ကျေးရွာမှထွက်ပြေးတိမ်းရှောင်လာခဲ့ကြရပါသည်။ အဆိုပါ ကြောင့် ကျေးရွာထဲရှိ စာသင်ကျောင်းကိုလည်း ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် ပိတ်ထားဆဲဖြစ်ပါသည်။ အဆိုပါဓာတ်ပုံ တွင် အပ--- ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်လာသည့်ကလေးများ တောထဲ တစ်နေရာ၌ ပညာသင်ကြားနေကြသည်ကို ဖော်ပြထားပါ သည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ အန---ကျေးရွာတွင် ရိုက်ကူးခဲ့ ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့၊ နံနက် ၉ နာရီအချိန်ခန့်တွင် မြန်မာစစ်တပ်၏ Y-12 လေယာဉ်တစ်စီးသည် အန---ကျေးရွာ ကို ဗုံးနှစ်လုံးဖြင့် လာရောက်ဗုံးကြဲခဲ့ပါသည်။ အဆိုပါကြောင့် ရွာသားတစ်ဦး၏ စိုက်ပျိုးခြံတွင် ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး နော်ပ--- အမည်ရှိ ရွာသားတစ်ဦးပိုင်ဆိုင်သည့် နတ်အိမ်တစ်ခုနှင့် သစ်ပင်အချို့ပျက်စီးသွားခဲ့ပါသည်။ ထို့အပြင် အခြားဗုံးတစ်လုံးသည် ကျေးရွာထဲရှိ အခြားရွာသားတစ်ဦး၏ နေအိမ်အနီးသို့ ကျရောက်ပေါက်ကွဲသော်လည်း ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်းသိရသည်။ အဆိုပါ ကျရောက်ပေါက်ကွဲမှု တွင် ရွာသားများသည် ၎င်းတို့၏ နေအိမ်နှင့် စိုက်ခင်းများတွင် မရှိသောကြောင့် ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ကြောင်းသိရပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် နော်ပ--- ၏ စိုက်ပျိုးခြံအတွင်း ကျရောက်ခဲ့သည့် ဗုံး၏အမြီးပိုင်းကို ဖော်ပြထားပါသည်။ ညာဘက်လက်ရှိ ဓာတ်ပုံတွင် ဗုံးပေါက် ကွဲမှုကြောင့် ပျက်စီးသွားသော နတ်အိမ်တစ်ခုကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

## ဒူးပလာယာခရိုင်






ဤဓာတ်ပုံနှစ်ပုံသည် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ အကျူးကျေးရွာအုပ်စု၊ အခ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် SAC မှ အခ--- ကျေးရွာအတွင်း လေကြောင်းတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ကာ ရွာသား ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၃ လုံးလည်းပျက်စီးသွားခဲ့ပါသည်။ အဆိုပါမှ ရွာသား ၂ ဦးစလုံးမှာ ခြေထောက်တွင် ဒဏ်ရာအနည်းငယ် ရရှိခဲ့ပါသည်။ ဓာတ်ပုံတွင် ပျက်စီးနေသော ရွာသူ/သားများ၏ နေအိမ်များကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*






ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ အရ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့၊ မနက် ၁၁ နာရီအချိန်ခန့်တွင် SAC တိုက်လေယာဉ်တစ်စင်းသည် အရ--- ကျေးရွာအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ အဆိုပါ SAC တိုက်လေယာဉ်သည် ကျေးရွာအတွင်းသို့ ဗုံးကြီး ၂ လုံးကြဲချခဲ့ပြီး ရွာသားတစ်ဦး၏နေအိမ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ကာ ရွာသား ၂ ဦးသေဆုံးသွားခဲ့ပါသည်။ အဆိုပါမှ ရွာသားတစ်ဦးသည် ပြင်းထန်စွာဗုံးစများထိမှန်ခဲ့ပြီး အစိတ်စိတ်အမြွာမြွာဖြစ်ကာ သေချာဝေခွဲမရတော့သည့်အထိ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ သေဆုံးသည့်ထိုရွာသား၂ ဦးစလုံးတွင် ကလေးငယ်များရှိကြပြီး ၎င်းတို့သည်လည်း မိသားစုစားဝတ်နေရေးအတွက် အားထားရသူများဖြစ်သည့် အတွက်ကြောင့် ၎င်းတို့၏ သေဆုံးမှုသည် ၎င်းတို့၏မိသားစုဝင်များအတွက် အလွန်ခက်ခဲကြမ်းတမ်းသည့် စားဝတ်နေရေး စိန်ခေါ်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ အဆိုပါဗုံးကြဲရာအနီးရှိ နေအိမ်သည် မီးလောင်ပျက်စီးသွားခဲ့ပြီး နေအိမ်ပိုင်ရှင်များမှ မည်သည့်ပစ္စည်းတစ်စုံတစ်ရာမှ သယ်ထုတ်နိုင်ခြင်းမရှိခဲ့ပေ။ အခင်းဖြစ်ပွားချိန်တွင် အိမ်အနီးရှိ အဆောက်အဦးတစ်ခုလည်း ပျက်စီးသွားခဲ့ပါသည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ကျေးရွာအတွင်း လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ မရှိသည့်အပြင်၊ အဆိုပါ SAC လေကြောင်းတိုက်ခိုက်မှုသည် ရွာသားများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ရွာသားများကဆိုပါသည်။ တိုက်ခိုက်မှုအပြီးတွင်လည်း ရွာသားများသည် ၎င်းတို့၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများရှိလာကြောင်းကိုလည်း ဖွင့်ဟပြောဆို

လာကြပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားသော ရွာသားများ၏ နေအိမ်ကို ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် ဖော်ပြထားပါသည်။ ညာဘက်ရှိ ဓာတ်ပုံသည် ပျက်စီးသွားသည့်နေအိမ်အနီးရှိ ပျက်စီးနေသည့် အဆောက်အဦးတစ်လုံးကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*








၂၀၂၅ ခုနှစ်၊ မေလတွင် ဤဓာတ်ပုံများကို ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ဝါ့ကကျေးရွာအုပ်စု၊ အစ---ကျေးရွာတွင် KHRG ကွင်းဆင်းလုပ်သား တစ်ဦးမှ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့၊ ည ၈ နာရီ ၆ မိနစ်အချိန်တွင် SAC သည် လေကြောင်းအသုံးပြုပြီး ဘခ--- ကျေးရွာအား ဗုံး ၃ လုံးဖြင့်ကြဲချခဲ့ကာ ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဗုံး ၃ လုံးအနက် ၂ လုံးသည် ဆရာ/မများနေထိုင်ရာ အနီးရှိ ကျောင်းဝင်းအတွင်းသို့ ကျရောက်ခဲ့သည်။ အဆိုပါကြဲချခဲ့သည့် ဗုံးများထဲမှ ဗုံးတစ်လုံးသာပေါက်ကွဲသွားခဲ့ပြီး အခြားကျန်ဗုံးနှစ်လုံးမှာ ကျောင်း ဝင်းအတွင်း မပေါက်ကွဲဘဲကျန်ရှိနေပါသည်။ ကျရောက်ပေါက်ကွဲသွားသည့် ဗုံးတစ်လုံးသည် စာသင်ကျောင်း၊ ဆရာ/မများ၏နေထိုင်ရာအဆောင်၊ ကျောင်းအိမ်သာများနှင့် ကျောင်း၏ရေတိုင်ကီပုံးများ ပျက်စီးသွားခဲ့ကာ အခြားကျောင်းအဆောက်အဦး ၂ လုံးနှင့် ရွာသားများ၏ နေအိမ် အချို့ကိုလည်း အနည်းငယ်ပျက်စီးသွားခဲ့ပါသည်။ အစ--- စာသင်ကျောင်းသည် SAC ၏ အုပ်ချုပ်မှုအောက်တွင်ရှိပါသည်။ SAC သည် ဤ လေကြောင်းတိုက်ခိုက်မှုအတွင်း အဆောက်အဦး ၃ လုံးကို ပစ်မှတ်ထားသည်ဟု ယူဆရကြောင်း အစ--- ကျေးရွာမှ ရွာသားများက KHRG ကို ပြောပါသည်။ ယင်းအဆောက်အဦးများမှာ ကျောင်းဝင်းအတွင်းရှိ ဆရာ/မများနေထိုင်ရာအဆောင်၊ KNU ရုံးနှင့် ကျောင်းဘေးနားရှိ အစ--- ဆေးရုံတစ်ခုတို့ကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ မကြာသေးမီအချိန်တွင် စစ်ဘေးရှောင်ရွာသားတစ်ဖွဲ့သည် ကျောင်းဝင်းအတွင်းလာရောက် ခိုလှုံနေထိုင်ခဲ့ကြပြီး SAC မှ ၎င်းတို့အား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့် ပတ်သက်သည်ဟု လွဲမှားစွာထင်မြင်ခဲ့ကြသည်ဟု ဒေသခံရွာသားများက ယူဆကြပါသည်။ ထို့အပြင်၊ ကျေးရွာအနီးတွင် တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် အဆိုပါဆေးရုံတွင် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များ ဆေးရုံတွင်ကုသပေးနေသည်ဟု SAC မှ ယူဆကာ ၎င်းဆေးရုံကို ပစ်မှတ်ထားသည်ဟု ရွာသားများကယုံကြည်ကြပါသည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်တွင် ရွာသားများ အလွန်ကြောက်ရွံ့ခဲ့ကြပါသည်။ ဘယ်ဘက်လက်ရှိဓာတ်ပုံတွင် ကျောင်းဆရာ/မများ၏အဆောင် ကိုဖော်ပြထားပြီး ညာဘက်လက်ရှိ ဓာတ်ပုံတွင် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အစ--- ကျေးရွာ စာသင်ကျောင်း ပျက်စီးသွားပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ဤဓာတ်ပုံများကို ဒူးပလာယာခရိုင်၊ ဝေါရေမြို့နယ်၊ နို့စူနဲ့ကျေးရွာအုပ်စု၊ အတ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် SAC တိုက်လေယာဉ်တစ်စင်းသည် အတ---ကျေးရွာရှိ ဘုန်းကြီးကျောင်းဝင်းထဲသို့ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးနှစ်လုံးကို SAC စစ်သားနှင့် KNLA စစ်သားများကြား တိုက်ပွဲဖြစ်ပွားနေချိန်တွင် ကြဲချခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ဘုန်းကြီး ၂ ပါးနှင့် ကလေးတစ်ဦးအပါအဝင် ရွာသား ၆ ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ဘုန်းကြီးကျောင်းအဆောက်အဦးများစွာကိုလည်းပျက်စီးသွားခဲ့ပါသည်။ ဓာတ်ပုံတွင် ပျက်စီးသွားသည့် ရွာဦးဘုန်းကြီးကျောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖော်ပြထားပါသည်။ အခင်းဖြစ်ပြီးနောက်တွင် ရွာသားများနှင့် သံဃာတော်များ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ မေလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေဘောဘိုးကျေးရွာအုပ်စု၊ အဌ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် SAC တိုက်လေယာဉ်တစ်စင်းသည် ကျေးရွာတွင်းတိုက်ပွဲဖြစ်ပွားခြင်းများမရှိဘဲ အဌ---ကျေးရွာအတွင်းသို့ ပေါင် ၂၅၀ အလေးချိန်ရှိ ဗုံးနှစ်လုံးအပါအဝင် အခြားမတူသောဗုံးများစွာကိုလည်းကြဲခဲ့ပါသည်။ အဆိုပါကြောင့် ကျေးရွာအတွင်းရှိ စာသင်ကျောင်းဝင်းအတွင်း ဗုံးများကျရောက်ခဲ့ပြီး ၎င်းအနက် ဗုံးတစ်လုံးမှာမပေါက်ကွဲခဲ့ပါ။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းအဆောက်အဦးများ ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ထိုကျောင်းကို ကရင့်ပညာရေးနှင့်ယဥ်ကျေးမှုဌာန KECD မှ စီမံခန့်ခွဲထားပါသည်။ ပေါက်ကွဲမှုကြောင့် နေအိမ် ၄ လုံးလည်း ပျက်စီးသွားခဲ့ပါသည်။ ဓာတ်ပုံတွင် SAC တိုက်လေယာဉ်မှ ကြဲချခဲ့သည့် မပေါက်ကွဲသေးသော ဗုံးတစ်လုံးကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*










၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ဤဓာတ်ပုံများကို ဒူးပလာယာခရိုင်၊ ကရူတူး မြို့နယ်၊ ပိုင်ရကျေးရွာအုပ်စု၊ အဖ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်၊ ညနေမွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် SAC တိုက်လေယာဉ်တစ်စင်းသည် ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးကြီးများစွာနှင့် မျိုးစုံသောလက်နက်ကြီးကျည်များကို အဖ--- ကျေးရွာထဲ ကြဲချခဲ့ပြီး ရဟတ်ယာဉ်တစ်စီးဖြင့် စက်သေနတ်များပစ်ခတ်ခဲ့ပါသည်။ အဆိုပါလေ ကြောင်းတိုက်ခိုက်မှုမှ ကျေးရွာထဲရှိ ကျောင်းသူ/သားများ စာသင်နေသည့် နေအိမ်တစ်အိမ်ပေါ်သို့ ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကာ ပေါက်ကွဲမှုကြောင့် ကျောင်းသား ၃ ဦး၊ ဆရာမတစ်ဦးနှင့် ရွာသားတစ်ဦးတို့ သေဆုံးသွားခဲ့ပါသည်။ ကျောင်းသား ၂၄ ဦး၊ အသက် ၄ နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် ရွာသားလေးဦးအပါအဝင် အနည်းဆုံး လူ ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများပိုင်ဆိုင်သည့် နေအိမ် ၁၂ လုံးလည်း ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ထိုဖြစ်ပွားမှုအပြီးတွင် ထိခိုက်ဒဏ်ရာပြင်းထန်သည့် ရွာသားများအား ဘားအံနှင့် မော်လမြိုင်မြို့များသို့ ဆေးကုသမှုခံယူစေခဲ့ပြီး ထိခိုက်ဒဏ်ရာနည်းပါးသူများကို နီးစပ်ရာကျေးရွာများတွင် ဆေးကုသပေးခဲ့ပါသည်။ အဆိုပါတိုက်ခိုက်မှု မဖြစ်ပွားခင် ဒေသခံကျေးရွာခေါင်းဆောင်များ၏ ကြိုတင်သတိပေး ခြင်းနှင့် လုံခြုံရေးစိုးရိမ်မှုကြောင့် ကျောင်းသား ၉၀ ခန့်ရှိသည့် ကိုယ် ထူကိုယ်ထအလယ်တန်းကျောင်း တစ်ကျောင်းကို ပိတ်ထားခဲ့ ရပါသည်။ အဆိုပါ တိုက်ခိုက်မှုမဖြစ်ပွားမီအချိန်တွင် ရွာသားများ၏ နေအိမ်များတွင် လျှို့ဝှက်စွာစာသင်ရန် ဆရာများက ကျောင်းသားများ ကို ညွှန်ကြားထားခဲ့ပါသည်။ အပေါ်ဆုံးအတန်းရှိ ဓာတ်ပုံနှစ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် အဖ--- ကျေးရွာအား SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ရွာသားများ၏ နေအိမ်ပုံများကို ဖော်ပြထားပါသည်။ ဘယ်ဘက်လက်အောက် ဆုံးအတန်းရှိ ဓာတ်ပုံတွင် အခင်းဖြစ်ပွားသည့်နေရာ၌ ကျကျန်နေ သည့် ကျောင်းသားတစ်ဦး၏ ရေဘူးတစ်ခုကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*



KHRG သည် အဆိုပါဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ဒေသခံရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ၅ ရက်နေ့တွင် မြန်မာစစ်တပ်မှ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောခီးကျေးရွာအုပ်စုရှိ အထ--- ကျေးရွာအား လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် ရွာသား ၄ ဦး ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဆေးကုသမှုခံယူရန် ထိုထိခိုက်ဒဏ်ရာရရှိသူတို့အား ထိုင်းနိုင်ငံ၊ တက်ခ်ခရိုင်၊ အည--- မြို့ရှိ ဆေးရုံသို့တစ်ခုသို့ ပို့ဆောင်ခဲ့ပါသည်။ ဒေသခံရွာသားတစ်ဦး၏ ပြောကြားချက်အရ ထိုလေကြောင်းတိုက်ခိုက်မှုဖြစ်ပွားရာ အဆိုပါကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းမရှိကြောင်း ကြားသိရပါသည်။ ဓာတ်ပုံများတွင် ထိခိုက်ဒဏ်ရာရရှိသည့် ရွာသား ၄ ဦးအား အည--- ဆေးရုံတွင် ဆေးကုသမှု ခံယူနေရသည်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

## ဘားအံခရိုင်




ဤဓာတ်ပုံသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ယော်ကုကျေးရွာအုပ်စု အဝ---ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဒူးပလာယာ ခရိုင်၊ ကော်တရီမြို့အနီး လှိုင်ဝနယ်မြေ၊ လှိုင်ဝအမြောက်တပ်ရင်း အခြေစိုက် SAC စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) အမှတ် (၁၂) မှ ဒရုန်းဖြင့် ဗုံးတစ်လုံးကို အဝ---ကျေးရွာအတွင်းသို့ လာရောက်ကြဲ ချမှုကြောင့် ရွာသား တစ်ဦး၏နေအိမ် ပျက်စီးသွားပါသည်။ ဓာတ်ပုံတွင်ကြီးမားစွာ ပျက်စီးသွားသည့် ဦးခ--- ၏နေအိမ်အား ဖော်ပြထားပါသည်။*(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ဘားအံမြို့နယ်၊ တာကရယ်မြို့နယ်၊ ပီတခကျေးရွာအုပ်၊ အဇ---ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့၊ မနက် ၉ နာရီ ၅၂ မိနစ်ဝန်းကျင်အချိန်ခန့်တွင် မြန်မာစစ်တပ်သည် ကာမီကာဇီဒရုန်းတစ်စင်းကိုအသုံးပြုကာ အဇ---ကျေးရွာ အလယ်တန်းကျောင်းအား ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည်။ အဆိုပါစာသင်ကျောင်းကို ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန KECD မှ စီမံခန့်ခွဲပါသည်။ ဒရုန်းတိုက်ခိုက်မှုကြောင့် ဆရာ/မ ၂ ဦးနှင့် ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျောင်းအဆောက်အဦးတစ်ခုလည်းပျက်စီးသွားခဲ့ပါသည်။ ဘယ်ဘက်လက်ရှိ ဓာတ်ပုံတွင် ဘန--- ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရပုံကို ဖော်ပြထားပြီး ညာဘက်လက်ရှိဓာတ်ပုံသည် ပျက်စီးနေသည့် ကျောင်းအဆောက်အဦးတစ်ခုကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ထီးဝါ့ဘလောကျေးရွာအုပ်စု၊ ဘဆ---ကျေးရွာအနီးရှိ စပါးခင်းတစ်ခုထဲတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြန်မာစစ်တပ်သည် ဘဆ---ကျေးရွာအနီးရှိ ဒေသခံရွာသားတစ်ဦးပိုင်ဆိုင်သည့် လယ်ကွင်း တစ်ခုထဲ လေယာဉ်ဖြင့်လာရောက် ဗုံးကြဲချခဲ့ပါသည်။ အဆိုပါမှ ကျရောက်ပေါက်ကွဲမှုကြောင့် စပါးစိုက်ခင်းများ ပျက်စီးသွား ပါသည်။ လယ်ပိုင်ရှင်သည် ၎င်း၏စိုက်ခင်းထဲဖြစ်ပျက်သွားမှုကြောင့် အရမ်းစိတ်ပျက်မိတယ်လို့ KHRG ကိုဆိုပါသည်။ *(ဓာတ်ပုံ- KHRG)*

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။